


# ReCONNECT

ReCONNECT သည် အခမဲ့လုပ်ပေးသော ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ထိခိုက်ဒဏ်ရာရသော အလုပ်သမားများအား ဝန်ဆောင်မှုများ ရရှိရန် ကူညီပေးသည်။ ဝန်ဆောင်မှုများကို ကိုယ်ပိုင်-အာမခံလုပ်ထားသည့် အလုပ်ရှင်များ၏ အလုပ်သမားများအတွက်လည်း ရရှိနိုင်ပါသည်။

ReCONNECT ကို အလုပ်ခွင် ထိခိုက်ဒဏ်ရာအတွက် လျော်ကြေးတောင်းခံနေစဉ်အတွင်း မည်သည့်အဆင့်၌မဆို ရနိုင်ပါသည်၊ ဝန်ဆောင်မှုမှာ အောက်ပါကိစ္စများတွင် အသုံးအဝင်ဆုံးဖြစ်သည်-

- ထောင့်ပံ့ ဝင်ငွေ ကုန်ဆုံးပိုင်းရောက်နေသည့်အခါ
- တောင်းခံချက်ကို ငြင်းပယ်ခံရသည့်အခါ
- တောင်းခံသည့် ဆုံးဖြတ်ချက်ကို ငြင်းဆိုနေသည့်အခါ
- တောင်းခံချက်ကို လက်မခံမီအချိန် သို့မဟုတ် ရပိုင်ခွင့်အားလုံး ရပ်ဆိုင်းပြီးသည့်အခါ
- အငြိမ်းစားယူရန်အရွယ် ချဉ်းကပ်နေသည့်အခါ

ReCONNECT အကြံပေးတစ်ဦးသည် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ရရှိရန် သင့်အား ကူညီပေးနိုင်သည်၊ အောက်ပါတို့ကဲ့သို့ ဝန်ဆောင်မှုများဖြစ်သည်-

- ငွေကြေးကိစ္စ ဆွေးနွေးအကြံပေးခြင်း
- စင်တာလင့်
- အိမ်ရာပံ့ပိုးမှု
- စေတနာ့ဝန်ထမ်းအလုပ် ပံ့ပိုးမှုများနှင့် အလုပ်ရှာရန်ပံ့ပိုးမှုများ
- မိသားစု ပံ့ပိုးမှု
- အိမ်၌ပံ့ပိုးမှု
- ရပ်ရွာအသိုက်အဝန်းရှိ ကျန်းမာရေး ဝန်ဆောင်မှုများ။

ReCONNECT အကြံပေးသည် လူချင်းမျက်နှာချင်းဆိုင်၊ ဖုန်း သို့မဟုတ် အီးမေးလ်ဖြင့် တွေ့ဆုံနိုင်သည်။ ၎င်းတို့ မည်သို့ကူညီနိုင်သည်ကို ဆွေးနွေးရန် ဖုန်း 08 8238 5959 သို့ခေါ်ဆိုပါ သို့မဟုတ် အီးမေးလ် reconnect@rtwsa.com သို့ပို့ပါ။

ReCONNECT အကြံပေးကို အင်္ဂလိပ် မဟုတ်သော အခြားဘာသာစကားဖြင့် စကားပြောဆိုရန် Interpreting and Translating Centre ဖုန်း 1800 280 203 ကိုခေါ်ဆိုပြီး ReturnToWorkSA ဖုန်း 13 18 55 ကို ဆက်သွယ်ခိုင်းပါ။ စကားပြန်ဝန်ဆောင်မှုမှာ သင့်အတွက် အခမဲ့ ရရှိနိုင်သည်။